## ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ

**နိဒါန်း**

၁။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို (၈.၂.၂၀၁၆) ရက်နေ့တွင် စတင်ကျင်းပခဲ့ရာ ယခု ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပချိန်တွင် (၁)နှစ်နှင့် (၄)လကျော် ကာလ ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။ ၎င်း (၁)နှစ်နှင့် (၄)လအတွင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ယခုကျင်းပသော ဆဋ္ဌမပုံမှန် အစည်းအဝေး သို့ အစီအရင်ခံစာ တင်သွင်း ခြင်းဖြစ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဖွဲ့စည်းခြင်း**

၂။ ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကို-

| | | |
|---|---|---|
| (က) | မြို့နယ် (၁) မြို့နယ်လျှင် (၂)ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ | ၅၆ဦး |
| (ခ) | ရှမ်းတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ | ၁ဦး |
| (ဂ) | တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားကိုယ်စားလှယ် | ၁၉ဦး |
| | **စုစုပေါင်း** | **၇၆ဦး** |

တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဃ)တို့အရ ဖွဲ့စည်းထားပါသည်။

**အစည်းအဝေးများကျင်းပဆောင်ရွက်ခြင်း**

၃။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၏ -

| | | |
|---|---|---|
| (က) | ပထမပုံမှန်အစည်းအဝေး | (၈.၂.၂၀၁၆) မှ (၅.၄.၂၀၁၆) ထိ |
| (ခ) | ဒုတိယပုံမှန်အစည်းအဝေး | (၁၃.၆.၂၀၁၆) မှ (၁၄.၆.၂၀၁၆) ထိ |
| (ဂ) | အထူးအစည်းအဝေး(၁/၂၀၁၆) | (၃၀.၆.၂၀၁၆) မှ (၁.၇.၂၀၁၆) ထိ |
| (ဃ) | တတိယပုံမှန်အစည်းအဝေး | (၂၀.၉.၂၀၁၆) မှ (၂၈.၉.၂၀၁၆) ထိ |
| (င) | အရေးပေါ်အစည်းအဝေး | (၈.၁၂.၂၀၁၆) မှ (၉.၁၂.၂၀၁၆) ထိ |
| (စ) | စတုတ္ထပုံမှန်အစည်းအဝေး | (၁၅.၁၂.၂၀၁၆) မှ (၁၃.၁.၂၀၁၇) ထိ |

(ဆ)　ပဉ္စမပုံမှန်အစည်းအဝေး　(၂၉.၃.၂၀၁၇) မှ (၅.၄.၂၀၁၇) ထိ

ပုံမှန်အစည်းအဝေးများ (၅)ကြိမ်၊ အထူးအစည်းအဝေး (၁)ကြိမ်၊ အရေးပေါ် အစည်းအဝေး (၁)ကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

**လွှတ်တော်ကော်မတီများ ဖွဲ့စည်းခြင်း**

၄။　ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်ရေးရာကော်မတီ (၁၄)ခုဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။ ၎င်းကော်မတီများမှာ-

| | | |
|---|---|---|
| (က) | ဥဒေပြုရေးဆိုင်ရာကော်မတီ | (၇)ဦး |
| (ခ) | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ | (၇) ဦး |
| (ဂ) | လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ | (၇) ဦး |
| (ဃ) | ဒေသန္တရစီမံကိန်း၊ အရအသုံးငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ | (၇) ဦး |
| (င) | ပြည်သူ့ရေးရာကော်မတီ | (၇) ဦး |
| (စ) | ပြည်သူ့ငွေစာရင်းသုံးစွဲမှု စိစစ်ရေးကော်မတီ | (၇) ဦး |
| (ဆ) | စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီ | (၇) ဦး |
| (ဇ) | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ | (၇) ဦး |
| (ဈ) | လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေးကော်မတီ | (၇) ဦး |
| (ည) | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကော်မတီ | (၇) ဦး |
| (ဋ) | သာသနာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ | (၇) ဦး |
| (ဌ) | စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီ | (၇) ဦး |
| (ဍ) | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီ | (၇) ဦး |
| (ဎ) | အစိုးရအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကော်မတီ | (၁၀) ဦး |

တို့ဖြစ်ပါသည်။

**ဥပဒေများပြဋ္ဌာန်းခြင်း**

၅။　ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈၊ ဇယား(၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းပါဥပဒေ (၂)ခုကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ပြည်ပဧည့်သည်များ လာရောက်တွေ့ဆုံမှုအခြေအနေ**

၆။ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလာရောက်ကြသည့် နိုင်ငံခြားဧည့်သည်တော်များ မန္တလေးတိုင်းဒေသကြီးသို့ ရောက်ရှိမှုခရီးစဉ်တွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့မှ ရင်းနှီးချစ်ကြည်စွာ ဧည့်ခံတွေ့ဆုံခဲ့ပါသည်။ ၎င်းဧည့်ခံတွေ့ဆုံမှုများမှာ-

(က) (၂၆.၈.၂၀၁၆) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် UNDP မှ အဖွဲ့ခေါင်းဆောင် Mr. Nail Johston တို့ တွေ့ဆုံဆွေးနွေးခြင်း၊

(ခ) (၉.၉.၂၀၁၆) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် UNDP မှ အဖွဲ့ခေါင်းဆောင် Mr. Philipp တို့ တွေ့ဆုံဆွေးနွေးခြင်း၊

(ဂ) (၁၉.၁၀.၂၀၁၆) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် UNDP မှ အဖွဲ့ခေါင်းဆောင် Mr. Philipp တို့ တွေ့ဆုံဆွေးနွေးခြင်း၊

(ဃ) (၂၀.၁၀.၂၀၁၆) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံရုံးမှ အဖွဲ့ခေါင်းဆောင် Mr. Sean R. Smith တို့တွေ့ဆုံ ဆွေးနွေးခြင်း၊

(င) (၁၁.၁၀၊၂၀၁၆) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် NDI နှင့် IRI အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခြင်း၊

(စ) (၂၄.၅.၂၀၁၇) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဋ၊ ဒုတိယဥက္ကဋ္ဌနှင့် NDI အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခြင်း။

**လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်တွင်း/ပြည်ပလေ့လာရေးခရီးစဉ်**

၇။ မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ကျင်းပချိန်နှင့် လွှတ်တော်ခေတ္တနားချိန်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ လေ့လာသိရှိရန် ပြည်တွင်း/ ပြည်ပ လေ့လာရေးခရီး သွားရောက်ခဲ့ကြပါသည်။ သွားရောက်လေ့လာခဲ့ကြသော ခရီးစဉ်များမှာ-

(က) (၂၈.၃.၂၀၁၆) ရက်နေ့တွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မင်းဂံရွာ မြစ်ရေတင်စီမံကိန်းသို့ သွားရောက်လေ့လာခြင်း၊

(ခ) (၁၈.၆.၂၀၁၆) မှ (၂၂.၆.၂၀၁၆) ထိ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဟောင်ကောင်သို့ လေ့လာရေးခရီး သွားရောက်ခြင်း၊

(ဂ) (၁၂.၈.၂၀၁၆) မှ (၁၇.၈.၂၀၁၆) ထိ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒေါက်တာ စိုးသန်းနှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ် (၆)ဦးတို့သည် အိန္ဒိယနိုင်ငံ၊ အစားအစာ၊ သီးနှံထုတ်လုပ်ရေးလုပ်ငန်းစဉ်နှင့် နို့ထွက်ပစ္စည်း (FDA-2016)ဆိုင်ရာ နိုင်ငံတကာ ထိပ်သီး အစည်းအဝေးသို့ လေ့လာရေးခရီး သွားရောက်ခြင်း၊

(ဃ) (၃.၅.၂၀၁၇) မှ (၁၀.၅.၂၀၁၇) ထိ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးတို့သည် တရုတ်နိုင်ငံ၊ ကူမင်းမြို့၊ ပီကင်းမြို့နှင့် ကွမ်ကျိုးမြို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။

**အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်မှုအခြေအနေ**

၈။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည် မြင့်မားရေးအတွက် အောက်ပါအတိုင်း ဆွေးနွေးပွဲနှင့် သင်တန်းများ တက်ရောက်ခဲ့ကြပါသည်-

(က) (၁၁.၅.၂၀၁၆) မှ (၁၃.၅.၂၀၁၆) ထိ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ကြီးမှူးကျင်းပသည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်လုပ်ငန်းခွင် ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ် (၅၄)တို့ တက်ရောက် ခဲ့ခြင်း၊

(ခ) (၂၁.၅.၂၀၁၆) မှ (၂၂.၅.၂၀၁၆) ထိ ဘဏ္ဍာရေးဆိုင်ရာသင်တန်းသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌအပါအဝင် လွှတ်တော် ကိုယ်စားလှယ် (၆၁)တို့ တက်ရောက်ခြင်း၊

(ဂ) (၆.၆.၂၀၁၆) မှ (၁၀.၆.၂၀၁၆) ထိ လွှတ်တော်အသီးသီးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ ကြီးမှူးကျင်းပသည့် ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာများ စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရေးရာကော်မတီ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံး အကြီးအမှူး အပါအဝင် (၁၅)တို့ တက်ရောက်ခဲ့ခြင်း၊

(ဃ) (၁၅.၆.၂၀၁၆) မှ (၁၇.၆.၂၀၁၆) ထိ လွှတ်တော်အသီးသီးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ ကြီးမှူးကျင်းပသည့် Leadership seminar သို့တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ခြင်း၊

(င) (၂၅.၆.၂၀၁၆) မှ (၁၆.၆.၂၀၁၆) ထိ ဥပဒေပြုရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အပါအဝင် လွှတ်တော်ကိုယ်စားလှယ် (၆၄)တို့ တက်ရောက်ခဲ့ခြင်း၊

(စ) (၂၁.၇.၂၀၁၆) ရက်နေ့တွင် ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အပါအဝင် လွှတ်တော်ကိုယ်စားလှယ် (၅၀)တို့တက်ရောက်ခြင်း၊

(ဆ) (၁၆.၁၁.၂၀၁၆) မှ (၁၈.၁၁.၂၀၁၆) ထိ UNDP မှကြီးမှူးကျင်းပသည့် ICT အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အပါအဝင် လွှတ်တော်ကိုယ်စားလှယ် (၅၄)တို့ တက်ရောက် ခဲ့ခြင်း၊

(ဇ) (၂၂.၁၁.၂၀၁၆) မှ (၂၃.၁၁.၂၀၁၆) ထိ UNDP မှကြီးမှူးကျင်းပသည့် ဖက်ဒရယ်စနစ်အကြောင်း အလုပ်ရုံ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အပါအဝင် လွှတ်တော်ကိုယ်စားလှယ် (၅၆)တို့ တက်ရောက်ခဲ့ခြင်း၊

(ဈ) (၂၈.၁၁.၂၀၁၆) မှ (၂၉.၁၁.၂၀၁၆) ထိ The Asia Foundation မှကြီးမှူးကျင်းပသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၅၆)တို့ တက်ရောက်ခဲ့ခြင်း၊

(ည) (၂၅.၅.၂၀၁၇) ရက်နေ့တွင် FAO နှင့် LIFT တို့မှ ကြီးမှူးကျင်းပသည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (တတိယမူကြမ်း) အလုပ်ရုံဆွေးနွေးပွဲသို့ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၁၀)ဦးတို့ တက်ရောက် ခဲ့ခြင်း။

**တိုင်ကြားစာနှင့် အသနားခံစာများအပေါ် ဆောင်ရွက်မှုအခြေအနေ**

၉။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သို့ တိုင်းဒေသကြီးအတွင်းမှ ပြည်သူများက (၈.၂.၂၀၁၆)ရက်နေ့မှ (၁၆.၆.၂၀၁၇)ရက်နေ့ထိ ပေးပို့သော တိုင်ကြားစာများမှာ (၁၂၅၄)စောင်ရှိပြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ(၆၂)စောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်သို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ(၁)စောင်၊ တိုင်ကြားသူထံအကြောင်းပြန်ကြားခြင်း ဆောင်ရွက်ပြီး (၂၀၇)စောင်နှင့် လေ့လာစိစစ်ဆောင်ရွက်ဆဲ တိုင်ကြားစာ (၉၁၁)စောင်ဖြစ်ပါသည်။

**လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှုအခြေအနေ**

၁၀။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော် ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှုများမှာ အထူးအစည်းအဝေး (၁/၂၀၁၆)တွင် အဆို(၁)ခု တင်သွင်းခဲ့ပြီး ယင်းအဆိုကို အတည်ပြုခဲ့ပါသည်။ စတုတ္ထပုံမှန်အစည်းအဝေးတွင် အဆို(၅)ခု တင်သွင်းပြီး၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် အဆို(၁)ခု တင်သွင်းခဲ့ပြီး အတည်ပြုခဲ့ပါသည်။

**လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုအခြေအနေ**

၁၁။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော် ကိုယ်စားလှယ်များ၏ မေးခွန်းများ မေးမြန်းမှုအခြေအနေများမှာ ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်း (၅၁)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၈)ခု၊ မေးခွန်းပေါင်း(၅၉)ခု၊ အထူးအစည်းအဝေး (၁/၂၀၁၆)တွင် ကြယ်ပွင့်ပြမေးခွန်း(၂၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၈)ခု၊ မေးခွန်းပေါင်း(၃၅)ခု၊ တတိယပုံမှန် အစည်းအဝေး တွင် ကြယ်ပွင့်ပြမေးခွန်း (၁၁၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၃၉)ခု၊ မေးခွန်းပေါင်း (၁၅၆)ခု၊ စတုတ္ထပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း(၉၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၁၅)ခု၊ မေးခွန်းပေါင်း(၁၀၈)ခု၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း(၉၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၅၉)ခု၊ မေးခွန်းပေါင်း (၁၅၆)ခု၊ စုစုပေါင်း ကြယ်ပွင့်ပြမေးခွန်း (၃၈၅)ခုနှင့် စုစုပေါင်း ကြယ်ပွင့်မပြမေးခွန်း(၁၁၄)ခု မေးမြန်းခဲ့ကြပါသည်။

**သုံးသပ်အကြံပြုချက်**

၁၂။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးများတွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းဖြေဆိုမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **ဒုတိယပုံမှန်အစည်းအဝေး**

(၁) ကြယ်ပွင့်ပြမေးခွန်း ၅၁ခု

(၂) လွှတ်တော်တွင်ဖြေကြားမှု ၂၄ခု

(၃) ကြယ်ပွင့်ပြ စာဖြင့်ဖြေကြားမှု ၂၇ခု

(ခ) **အထူးအစည်းအဝေး (၁/၂၀၁၆)**

(၁) ကြယ်ပွင့်ပြမေးခွန်း ၂၇ခု

(၂) လွှတ်တော်တွင်ဖြေကြားမှု ၂၁ခု

(၃) ကြယ်ပွင့်ပြ စာဖြင့်ဖြေကြားမှု ၆ခု

(ဂ) **တတိယပုံမှန်အစည်းအဝေး**

(၁) ကြယ်ပွင့်ပြမေးခွန်း ၁၁၇ခု

(၂) လွှတ်တော်တွင်ဖြေကြားမှု ၈၀ခု

(၃) ကြယ်ပွင့်ပြ စာဖြင့်ဖြေကြားမှု ၃၇ခု

(ဃ) **အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)**

ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းခြင်းမရှိပါ။

(င) **စတုတ္ထပုံမှန်အစည်းအဝေး**

(၁) ကြယ်ပွင့်ပြမေးခွန်း ၉၁ခု

(၂) လွှတ်တော်တွင်ဖြေကြားမှု ၉၁ခု

(၃) ကြယ်ပွင့်ပြ စာဖြင့်ဖြေကြားမှု -

(စ) **ပဉ္စမပုံမှန်အစည်းအဝေး**

(၁) ကြယ်ပွင့်ပြမေးခွန်း ၉၇ခု

(၂) လွှတ်တော်တွင်ဖြေကြားမှု ၉၇၃

(၃) ကြယ်ပွင့်ပြ စာဖြင့်ဖြေကြားမှု -

၁၃။ အထက်ပါအချက်အလက်များအရ ကြယ်ပွင့်ပြမေးခွန်းများကို လွှတ်တော်အစည်းအဝေးတွင် ဖြေကြားရမည့်အစား တတိယပုံမှန်အစည်းအဝေးအထိ စာဖြင့်ဖြေကြားခဲ့သည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များကလည်း ၎င်းတို့၏ ကြယ်ပွင့်ပြမေးခွန်းများကို လွှတ်တော် အစည်းအဝေးများတွင်သာ ပြန်လည်ဖြေကြားစေလိုကြပါသည်။ စတုတ္ထပုံမှန်အစည်းအဝေးမှ စတင်၍ ကြယ်ပွင့်ပြ မေးခွန်းများကို လွှတ်တော်အစည်းအဝေးတွင်သာ ဖြေကြားပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၁၄။ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်းများကို လွှတ်တော်အတွင်း ပြန်လည် ဖြေကြားရာတွင် တချို့တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအနေဖြင့် မေးသည့်မေးခွန်းနှင့် ဖြေသည့် အဖြေများမှာ ကိုက်ညီမှုနှင့်ပြည့်စုံမှုမရှိကြောင်း၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် အချိန်များမပါရှိကြောင်း တွေ့ရသဖြင့် ပြည့်စုံစွာဖြေကြားနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌကြီးမှ ကြီးကြပ်ထိန်းညှိပေးနိုင်ပါရန် အကြံပြု တင်ပြအပ်ပါသည်။

၁၅။ ဥပဒေပြုရေးလုပ်ငန်းနှင့်ပတ်သက်၍ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သက်တမ်း မှာ (၁)နှစ်နှင့်(၄)လကျော်ရှိပြီးဖြစ်သော်လည်း ဥပဒေ(၂)ခုသာလျှင် ပြင်ဆင်ပြဋ္ဌာန်း ပေးနိုင်သေးကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများ၏အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရန် လိုအပ်သည့် ဥပဒေများကို အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်သင့်သည့် ဥပဒေများရှိပါက ပြင်ဆင်ခြင်း၊ ပယ်ဖျက် သင့်သည့်ဥပဒေများကို ပယ်ဖျက်ခြင်းလုပ်ငန်းများကို လွှတ်တော်ရေးရာကော်မတီအသီးသီးက ကော်မတီ လုပ်ငန်းတာဝန်များအလိုက် သက်ဆိုင်ရာဥပဒေများကို ရေးဆွဲနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

၁၆။ တိုင်းဒေသကြီးလွှတ်တော်လုပ်ငန်းများ အောင်မြင်ရေးအတွက် လွှတ်တော်ရေးရာကော်မတီ(၁၄)ခု ဖွဲ့စည်းတာဝန်ပေးထားပါသည်။ ၎င်းကော်မတီများက ယခုထက်ပိုမိုထိရောက်စွာ လုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် လွှတ်တော်အနေဖြင့် ဦးဆောင်ပါဝင်ဆောင်ရွက်စေလိုခြင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လိုအပ်သော လုပ်ပိုင်ခွင့်နှင့် အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။

၁၇။ လွှတ်တော်ရေးရာကော်မတီများသည် ကော်မတီ၏လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ရုံးတွင် အနည်းဆုံး(၁)လ (၁) ကြိမ် တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

၁၈။ ပြည်ပနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မန္တလေးတိုင်းဒေသကြီးလွှတ်တော်သို့ လေ့လာရေး ခရီးများ ဖိတ်ခေါ်ပါက သက်ဆိုင်ရာရေးရာကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ အချိုးကျ ပါဝင် လိုက်ပါစေခြင်းနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကိုပါ လိုက်ပါနိုင်ရန် ဆောင်ရွက်ပေးသင့် ပါသည်။

၁၉။ လွှတ်တော်ကိုယ်စားလှယ်များ အရည်အသွေးပိုမိုမြင့်မားတိုးတက်စေရေးအတွက် အင်္ဂလိပ်စကား ပြောရက်တို သင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် အကြံပြုတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**

**လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီ**

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဇွန်လ ရက်